## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ (၂၆. ၂. ၂၀၁၆)ရက်နေ့တွင် မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်း တင်သွင်းသည့် အရေးကြီးအဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁)ဖြစ်ပါတယ်။အစီအစဉ်အရ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့မှ မီးဘေးသင့် ပြည်သူများအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁) ဦးချင်းစီ၏ နေ့တွက်စရိတ် (၁)ရက်စာကို ဝိုင်းဝန်းလှူဒါန်းပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ ။ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)တွင် တင်သွင်းသည့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့မှ မီးဘေးသင့်ပြည်သူများအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁)ဦးချင်းစီ၏ နေ့တွက်စရိတ် (၁)ရက်စာကို ဝိုင်းဝန်းလှူဒါန်းပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားတိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစိုင်းလှိုင်ခမ်းမှ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (တတိယနေ့) တွင်ဆွေးနွေးနိုင်ရန် အရေးကြီးအဆိုတင်သွင်းလို ပါတယ်။ တင်သွင်းရသည့်အကြောင်းမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့တွင် ၄-၂-၂၀၁၆ ရက်နေ့ မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့သည့် မီးလောင်မှုကြောင့် နမ့်ဆန်မြို့ မင်္ဂလာရပ်ကွက်နှင့် မြို့ဟောင်းရပ်ကွက်တို့၌ အိမ်ခြေ (၂၀၉)လုံး၊ အိမ်ထောင်စု (၂၉၃)စု၊ လူဦးရေ (၁၁၇၅) ဦးတို့သည်အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ ပါတယ်။ မီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် (၂၆၅၅) သိန်းရှိကြောင်းသိရှိရပါသည်။ အဆိုပါ မီးဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည့် ပြည်သူများအတွက် နိုင်ငံတော်သမ္မတက အစပြု၍ ပြည်သူ လူထုတစ်ရပ်လုံးက ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည့် စားနပ်ရိက္ခာ အဝတ်အထည်၊ ယာယီနေထိုင်ရန် နေရာများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည်ကို သတင်းမီဒီယာများ မှတစ်ဆင့် ကြားသိနေရပါသည်။သို့ဖြစ်ပါ၍ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့ရှိ မီးဘေးသင့်ပြည်သူများ၊ ကျောင်းသား/ကျောင်းသူများ၏ လတ်တလောကြုံတွေ့နေရသည့် အခက်အခဲပြဿနာများကို မိမိတို့တတ်နိုင်သည့်ဘက်မှ တစ်တပ်တစ်အားပါဝင်ကူညီ ဆောင်ရွက်သည့်အနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များက စုပေါင်းလှူဒါန်းငွေဖြင့် ကိုယ်စားလှယ်တစ်ဦးလျှင် နေ့တွက်စရိတ်တစ်ရက်စာ (၂၀၀၀၀) ကျပ်စီကို လှူဒါန်းပေးကြ ပါရန်တိုက်တွန်းကြောင်း အရေးကြီး အဆိုတင်သွင်းအပ်ပါသည်။ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။အရေးကြီးအဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။ အရေးကြီးအဆိုကို အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

### (သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်က သဘောတူသည့်အတွက် အရေးကြီးအဆိုကို အတည်ပြုကြောင်းကြေညာပါတယ်။ အလှူငွေများကို လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံတွင် ထည့်ဝင်လှူဒါန်းကြဖို့ဖြစ်ပါတယ်။